ထိုင်း-မြန်မာနယ်စပ်တလျှောက် ယာယီခိုလှုံရာစခန်းကိုးခုအတွက် ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါဖြစ်ပွားမှုကိုတုံ့ပြန်သော လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

၁။ နိုင်ငံတော်အဆင့်

၂။ ပြည်နယ်အဆင့်



0 အတည်ပြုလူနာ
အစီရင်ခံခဲ့

စခန်းများဆီသို့ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ ဖြန့်ဝေခြင်း	
စိုးရိမ်ပူပန်မှုနှိုးနှောဖလှယ်ခြင်း	✓ လိုအပ်လျှင်လိုအပ်သလို
ရောဂါစီမံခန့်ခွဲခြင်း	✓
စောင့်ကြည့်လေ့လာခြင်း၊စုံစမ်းစစ်ဆေးခြင်းနှင့် ဖြစ်ပွားမှုကို မြန်မြန်ဆန်ဆန်တုံ့ပြန်မှုပေးခြင်း	✓
ကူးစက်ရောဂါတားဆီးကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်း (IPC)	✓
	✓
စားနပ်ရိက္ခာ	
ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ခံအားပေးခြင်း	✓ လိုအပ်လျှင်လိုအပ်သလို

လူဦးရေဖော်ပြချက်ဇယား

*၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ UNHCR ၏ လူဦးရေဖော်ပြချက်ဇယား

လူဦးရေစုစုပေါင်း ၉၁၉၄၀ ဦး



ရန်ပုံငွေအခြေအနေ(USD)

*ဤရန်ပုံငွေလိုအပ်ချက်များသည်လက်ရှိသုံးစွဲနိုင်သည့်လိုအပ်ချက်များအပေါ် အခြေခံ၍ ၉ လ အတွက်သာဖြစ်သည်





ထိုင်း-မြန်မာနယ်စပ်တလျှောက် ယာယီခိုလှုံရာစခန်းကိုးခုအတွက် ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါဖြစ်ပွားမှုကိုတုံ့ပြန်သော လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

စိုးရိမ်ပူပန်မှု နှိုးနှောဖလှယ်ခြင်း - *ADRA (ACTED, COERR, JRS, HI, IRC, SCI, FilmAid, MI, UNHCR, TBC)**

အဓိကအကြောင်းအရာ - *ခပ်ခွာခွာနေခြင်းအခြေအနေတွင်ဒုက္ခသည်များထံသို့ သတင်းအချက်အလက် မျှဝေခြင်းများအချိန်မီ ဖြန့်ဝေခြင်း။ဖုန်းနှင့်အင်တာနက်အသုံးပြုနိုင်ခြင်းဆိုင်ရာကန့်သတ်ချက်များ။ခေါ်ခွာခွာနေခြင်း၊ သွားလာလှုပ်ရှားမှုကန့်သတ်ခြင်း၊ လက်ဆေးခြင်းနှင့် နှာခေါင်းစည်းအသုံးပြုမှုတိုက်သွယ်သော အရေးပါသည့် ကြိုတင်ကာကွယ်ရေး အပြုအမူများအား စောင့်ကြပ် ထိန်းသိမ်းခြင်း။ သတင်းများများအား ပြန်လည်တုံ့ပြန်ခြင်း။*

- မြန်မာနိုင်ငံ၏ကူးစက်မှုထပ်မံဖြစ်ပွားခြင်းအပေါ်ဆက်လက်စောင့်ကြည့်ရန်အရေးကြီးကြောင်းအပါအဝင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာသတင်းစကားများကို ကရင်နင့်မြန်မာ နှစ်ဘာသာလုံးပြန်ဆိုကာ ဆက်လက်ဖြန့်ဝေ။ အထူးကာကွယ်စောင့်ရှောက်မှုလိုအပ်သော သူများအပါအဝင် ဒုက္ခသည်ဦးရေပေါင်း ၇၀၀၀ကျော်သို့ အသေးစားဆွေးနွေးစကားပြောခြင်းများပြုလုပ်၊ အပတ်စဉ်သတင်းဗီဒီယာ စီမံခန့်ခွဲ အစီရင်ခံခြင်းအား အင်တာနက်ဖြင့်လည်းကောင်း၊ အသေချာစက်မှကြေငြာပေးခြင်းဖြင့် လည်းကောင်း၊ စခန်းကော်မတီနှင့် စခန်းအခြေခိုက်သတင်းအဖွဲ့ဖြင့်လည်းကောင်းဖြန့်ဝေ။
- လမ်းညွှန်ချက်နှင့်အညီ ကာကွယ်စောင့်ရှောက်ရေးအလုပ်အမှုဆောင်အဖွဲ့မှမှတ်မှတ်သော အိမ်တိုင်ရာရောက်လည်ပတ်ခြင်း စည်းမျဉ်းစည်းကမ်း အပါအဝင် RCCE နှင့်ပတ်သက်သော သင်တန်းများကို စခန်း (၉)ခုလုံးရှိ လူထုနိုးဆော်တိုက်တွန်းရေးဝန်ထမ်း ၂၀၀ ကျော်အားသင်တန်းပို့ချခဲ့။
- စိတ်ဖိစီးမှုနှင့်သက်သာချောင်ချိရေးဆိုင်ရာလမ်းညွှန်ချက်အား ကျန်းမာရေးဆိုင်ရာတွဲဖက်ကော်မတီ၊ စိတ်ပိုင်းဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက် ခြင်း ပြီးမြောက်ခဲ့ပြီး ဖြန့်ဝေခဲ့။
- ဒေသခံစျေးကွက်အတွင်း ဝယ်ယူခဲ့သော အဝတ်နာခေါင်းစည်း ၉၄၀၀၀ ခု အပါအဝင် အဝတ်နာခေါင်းစည်းအခုရေ၅၅၀၀၀ ကို ဒုက္ခသည်နှင့် ဒေသခံ အာဏာပိုင်များအားဖြန့်ဝေခဲ့။ အဝတ်နာခေါင်းစည်းအခုရေပေါင်း ၁၈၀၀၀ ခုကို ကျောင်းသားများထံဖြန့်ဝေခဲ့။ ဒုက္ခသည်အားလုံးအတွက် နောက်နာခေါင်းစည်း ၂ ခုစီကို အောက်တိုဘာလမကုန်ခင် ဝယ်ယူရေးနှင့် ဖြန့်ဝေရေးတို့အား စီစဉ်ထားသည်။ သန့်ရှင်းရေးပစ္စည်းများအား အိမ်ထောင်စု ၁၆၀၀၀ ကျော် နှင့် စခန်း(၉)ခုလုံးမှကျောင်းသားဘော်ဒါ၊ဆောင်များအားဖြန့်ဝေခဲ့။ သန့်ရှင်းရေးပစ္စည်းဆိုင်ရာလက်မခံစာစောင်များ၊ အဝတ်နာခေါင်းစည်းအသုံးပြုပုံလက်မခံစာစောင်များနှင့် အခြားအဓိကအချက်အလက်စာစောင်များအား ပစ္စည်းဝေစဉ် နှင့် နှာခေါင်းစည်းဝေရာတွင် အတူတကွဖြန့်ဝေခဲ့။ သန့်ရှင်းရေးပစ္စည်းများဆိုင်ရာ လက်မခံစာစောင်အား အများပြည်သူအသဲချက်စက် မှတဆင့် ဖြစ်စေ၊ အိမ်တိုင်ရာရောက်လည်ပတ်ရာတွင်ဖြစ်စေ ဖြန့်ဝေခဲ့။
- စခန်း (၉)ခုလုံးရှိ အားနည်းချက်အလွန်အမင်းရှိသောသူ ၅၀၀၀ ကျော်ထံသို့ ဆပ်ပြာခဲ ၁၃၀၀၀၀ ဖြန့်ဝေခဲ့။ အမျိုးသမီးလစ်ဝယ်ကုန်းမှင်းထုပ်များကို စခန်း(၇)ခုရှိဒုက္ခသည်အမျိုးသမီးများထံဖြန့်ဝေပြီးစီးခဲ့ပြီး ကျန်စခန်းများသို့ အလျင်စလိုအကဲဖြတ်ခြင်းအစီအစဉ်နှင့်အတူ ဆက်လက်တွဲဖက် ဆောင်ရွက်နေသည်။
- ပြီးပြည့်စုံသောအမှုအကျင့်ပြောင်းလဲမှုအကောင်းကိုဖော်ပြရန်နှောက်ထပ်လှုပ်ရှားမှုအစီအစဉ်အပါအဝင်အသေးစားအိမ်ထောင်စုဆွေးနွေးပွဲတွင် တင်ပြပေးခြင်းများ ့ တဆင့် အမှုအကျင့်ပြောင်းလဲခြင်းကို ဦးတည်ကာ အကောင်အထည်ဖော်နေ။
- စခန်း (၉)ခုလုံးတွင်ဘန့် ၇ကြိမ် တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများဝေဒေါင်းမှာ ဒုတိယအကြိမ်ဝေဝေပြီးဖြစ်သည်။ နောက်တစ်ကြိမ်ဝေဝေခြင်းအတွက် ပြင်ဆင်ဆဲဖြစ်ပြီး နိုဝင်ဘလအစေပိုင်းတွင် ဝေဒုရန်စီစဉ်ထားခဲ့သသည်။
- ရပ်ပိုင်း၊လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်အကြမ်းဖက်မှုနှင့် လိင်နှင်ကျားမအခြေခြေအကြမ်းဖက်မှုဆိုင်ရာ သတင်းစကားများအား အသဲချက်စက်မှတဆင့် တွဲဖက်ကြေငြာခြင်း၊ ဖြန့်ဝေရန်အတွက် ပိုစတာ/လက်ကမ်းစာစောင်များအဖြစ်ပြောင်းလဲထုတ်ဝေခဲ့။
- IEC ဆိုင်ရာသတင်းစကားထောက်ကူများအား စခန်း(၉)ခုလုံးရှိ စခန်းကော်မတီ၊ ဘာသာရေးခေါင်းဆောင်နှင့်စခန်းခေါင်းဆောင်များလက်ခံရရှိပြီးဖြစ်။
- သင်ထောက်ကူပစ္စည်းများ၊ တကိုယ်ရည်သန့်ရှင်းရေးပစ္စည်းအုပ်စု နှင့် မိဘလမ်းညွှန်များအပါအဝင် ကလေးများနှင့်ရင်းနှီးသောကိုဗစ်-၁၉ဆိုင်ရာပစ္စည်းများ၊ ပညာရေးသတင်းစကားဝေဝေခြင်းနှင့်ဖွံ့ဖြိုးတိုးတက်ခြင်း။ စခန်း(၉)ခုလုံးရှိ ၅-၁၁နှစ်အရွယ် ကလေးငယ်များအား အဓိကသတင်းစကားပါသော ဆေးရောင်ခြယ် စာအုပ်၇၀၀၀ကျော်ဝေဒွေ့။ ကလေးငယ်ပေါင်း ၁၃၀၀ ကျော်ရှိ။
- ထင်ရှင်ချက်နှင့်တိုင်ကြားချက် စာတိုက်ပုံးအား တကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများဝေဝေသည့် နေရာတိုင်းတွင်ထားရှိရေး။ ဗဟုသုတ၊ သဘောထားနှင့် လက်တွေ့ကျင့်သုံးခြင်းဆိုင်ရာ စစ်တမ်းကောက်ခြင်း အား စခန်း(၇)တွင်ပြီးမြောက်ပြီးဖြစ်သည်။ ဝေဒုခြင်းအပြီးစီမံခန့်ခွဲခြင်းမှာလုပ်ဆောင်ဆဲဖြစ်။
- တတိယနှင်ငံသို့အခြေချနေထိုင်ရန်စခန်းကိုထွက်ခွာရတော့မည့်ဒုက္ခသည်များအား ကိုဗစ်-၁၉ဆိုင်ရာလက်မခံစာစောင်နှင့် တကိုယ်ရည်သန့်ရှင်းရေး ပစ္စည်းများ ထုတ်ပေးခဲ့။
- အဝတ်နာခေါင်းစည်းအသုံးပြုခြင်း၏အရေးပါပုံကိုတွန်းအားပေးခြင်းနှင့် ပုံစံမွမ်းမံခြင်းဆိုင်ရာအားစခန်းကော်မတီများနှင့် ဆွေးနွေးတိုင်ပင်ခဲ့။
- စခန်းအနီးအနာဂါရှိလူထုများအားအသိပညာပေးခြင်းအပေါ် ထိုင်းအာဏာပိုင်များနှင်ပူးပေါင်းဆောင်ရွက်ခြင်း။

ကူးစက်မှုကြိုတင်ကာကွယ်ထိန်းချုပ်ခြင်း (IPC) - *IRC (MI, CDC)**

အဓိကအကြောင်းအရာ - *ထိုင်းနိုင်ငံတွင် ပုံမှန်နေထိုင်ခြင်းပုံစံသစ် ကာလအတွင်း လူထုများမှ IPC စည်းမျဉ်းစည်းကမ်းများ လိုက်နာခြင်း ဆိုင်ရာသေချာစေရေးနှင့် မြန်မာပြည်တွင်မကြာသေးခင်က အတည်ပြုလုနျသစ်များ ဆိုင်ရာပြန်လည်တုံ့ပြန်ခြင်း။*

- ကိုဗစ်-၁၉ လုပ်ငန်းဆောင်ရွက်မှုနည်းဥပဒေများမှာ ဆက်လက်သုံးသပ်ဆဲ၊ သင်တန်းအစီအစဉ်ဆက်လက်ရရေးဆွဲခြင်းပါထည့်သွင်း။ IPC ပြန်လည်လေ့ကျင့်ခြင်းသင်တန်းအား စခန်းနေရာအားလုံးတွင်ဆက်လက်လုပ်ဆောင်။
- IPC လမ်းညွှန်မှာ NGO ဝန်းထမ်းများထံရောက်ရှိပြီးဖြစ်။ စခန်းဝင်ထွက်သည့်နေရာများတွင် လက်ဆေးခြင်းအတွက် ဆပ်ပြာနှင့်ရေ ဆက်လက်ထောက်ပံ့။
- လက်ဆေးရန်နေရာများအားအများပြည်သူသုံးသည့်နေရာများတွင်တည်ဆိုပြီး၊ ဘာသာရေးအဆောက်အဦးနှင့်ကျောင်းများအပါအဝင် လူဝင်ထွက်သွားလာမှုများသောနေရာများတွင် အဓိကထားတည်ဆောက်ထား။
- တစ်အိမ်ထောင်ခြင်းအတွက် လက်သန့်ရှင်းရေးဆိုင်ရာပစ္စည်းများအား လူထုနိုးဆော်တိုက်တွန်းရေးအဖွဲ့မှတဆင့်ထောက်ပံ့ခဲ့။
- စခန်းအားလုံးရှိကျန်မာရေးအဆောက်အဦးများသို့ လူဒါနိုးရန်စစ်ဘင်ထားသောနောက်ထပ် PPE ၂ မျိုးအား MOI, MoPH and WHO တို့ထံမှ လက်ခံရရှိပြီးဖြစ်။

လူနာကိစ္စစီမံခန့်ခွဲခြင်း - *IRC (MI, CDC)**

အဓိကအကြောင်းအရာ - *အကယ်၍လက်ရှိဝန်ထမ်းများမနိုင်မနင်းဖြစ်ပါကအစားထိုးနိုင်ရန် လိုအပ်သည့်ထောက်ကူပစ္စည်းများနှင့် ဝန်ထမ်းအင်အားရယူထားခြင်း။ စခန်းတွင်းအတည်ပြုလူနာကိစ္စစီမံဆောင်ရွက်ရမည်ဆိုပါက အချို့ဆေးဝါးသုံးစွဲခွင့်ဆိုင်ရာ ကန့်သတ်ချက်များ။ အချို့ပြည်သူ့ဆေးရုံများတွင် ဆေးဝါးပစ္စည်းများရရှိနိုင်မှုကန့်သတ်ချက်များ။*

- သီးသန့်ခန်းနှင့်ကုသဆောင်များဆောက်လုပ်ထားပြီး ကူးစက်မှုဖြစ်ပွားပါကလက်တွေ့ကုသရန်အဆင့်သင့်ဖြစ်။
- စခန်းတွင်ရောဂါဖြစ်ပွားပါက ကုသမှုထောက်ကူပစ္စည်းများခဲ့ခြားသတ်မှတ်ထားပြီး လျင်မြန်စွာကုသပေးရေးအစီအစဉ်အဆုံးသတ်ရေးဆွဲထားပြီး။
- လူနာကိစ္စစီမံခန့်ခွဲခြင်းအပေါ်ကမ္ဘာလုံးဆိုင်ရာလမ်းညွှန်အား ဒုက္ခသည်စခန်း၏အခြေအနေနှင့်ပြည့်သူ့ကျန်းမာရေးဌာန၏တောင်းဆိုချက်နှင့်အညီ လုပ်ဆောင်နေ။
- ဆေးနှင့်ဆေးပစ္စည်းသိုလှောင်ခြင်းနှင့်ဝယ်ယူခြင်းများ ဆက်လက်လုပ်ဆောင်။
- တာ၀န်ခံရှိလိုရှာခန်းများအား အစိုးရထောက်ပံ့မှုပိုမိုအားကောင်းစေရန် ပြည်ထဲရေးပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနတို့နှင့်အတူတာ့ခ်ခရိုင်တွင် အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်း။ အခြားဒုက္ခသည်ခိုလှုံသည၊ါခရိုင်များအားလည်း အလားတူဆောင်ရွက်ရန် တိုက်တွန်း။
- ကိုဗစ်-၁၉ ဖြစ်နိုင်ချေရှိသောသူများအား ထိထောက်စွာတုန့်ပြန်နိုင်ရေးစွမ်းရည်သေချာစေရန် သရုပ်ပြလှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်။

သီးခြားစောင့်ကြပ်စစ်ဆေးခြင်း၊ လူနာကိစ္စစုံစမ်းစစ်ဆေးခြင်းနှင့်ဖြစ်ပွားမှုကိုအလျင်အမြန်တုန့်ပြန်ခြင်း

***IRC** (MI, CDC, WHO, MOPH, MOI)**

အဓိကအကြောင်းအရာ - *သီးခြားစောင့်ကြည့်ခြင်းလိုက်နာမှုအပါအဝင် ပိုတင်းကြပ်သောသီးခြားစောင့်ကြပ်စစ်ဆေးခြင်းကို ထိန်းသိမ်းထားခြင်း နှင့် ထိုင်းနိုင်ငံသည် အချို့ခရိုင်များမှာဒေသတွင်းကူးကူးပြောင်းရေးရင်ဆိုင်နေရစဉ် ၎င်း၏သာမန်နေထိုင်နည်းသစ် ဆက်လက်ကူးပြောင်းရေးဆိုင်ရာ နည်းဥပဒေအစီရင်ခံခြင်း။*

- "ကြိုတင်ကာကွယ်ခြင်း၊စောင့်ကြပ်စစ်ဆေးခြင်း၊ စုံစမ်းစစ်ဆေးခြင်း နှင့်ကိုဗစ်-၁၉လျှော့ချရေး" အပြီးသတ်ခဲ့။ ပြည်သူ့ကျန်းမာရေးဌာနမှခွင့်ပြုခဲ့ပြီး ထိုင်းဘာသာစကားဖြင့် ပြန်ဆိုကာ ဒုက္ခသည်များခိုလှုံသည့်ခရိုင်ရေးခန့်မှ ခရီးဝေးများထံ မျှဝေပို့ဆောင်ခဲ့။
- လက်ရှိလမ်းညွှန်ထဲ၌ပေါင်းစပ်ပါဝင်သော စခန်းတွင်းပြန်မဝင်ခင် စမ်းသပ်ရာမှရောဂါလက္ခဏာတွေ့ရှိရသောဒုက္ခသည်များ တတိယနိုင်ငံရွှေ့ပြောင်း အခြေချရေးလုပ်ငန်းစဉ်အတွက် စခန်အပြင်သွားချိန် ရောဂါလက္ခဏာတွေ့ရှိရ သော သူများ အတွက်လုပ်ထုံးလုပ်နည်းများ။
- 'ခရီးသွားခြင်း' စိုးရိမ်ပူပန်မှုမြင့်မားသောနေရာသို့ခရီးသွားရာဇဝင်ရှိသူများအတွက်သီးခြားစောင့်ကြည့်ရေးအဆောက်အဦးများ ပြန်လည်ဖွင့်လှစ်။ မယ်စရီယမ်းရှိ စခန်းကော်မတီများမှာ သီးခြားစောင့်ကြည့်ရေးအဆောက်အဦးများ ဆောက်လုပ်ရန်ပံ့ပိုးကူညီ။
- ဖျားနာခြင်းကဲ့သို့သောတုတ်ကျားဖြစ်သောလူနာများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါခံစားရသော လူနာများအား စောင့်ကြပ်စမ်းသပ်စစ်ဆေးခြင်းများကိုစခန်း (၈)ခု၌ဖြင့်တင်ဆောင်ရွက်။ ကန်ရှုနဘုရင်ရှိခရိုင်အဆင့်ကျန်းမာရေးသတေသနဌာနတွင် နမူနာများ စမ်းသပ်ရန် စီစဉ်နေ။ အချို့စခန်းများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ လူနာ၏နမူနာစမ်းသပ်ခြင်းများ ၁၀ ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းထိ တိုးမြင့်။
- နောက်ထပ်မြင့်တင်ဆောင်ရွက်သောစောင့်ကြပ်စမ်းသပ်စစ်ဆေးခြင်းများမှာ မြန်မာပြည်သို့ ခရီးသွားရာဇဝင်ရှိသော သီးခြားစောင့်ကြည့်ရေး နေရာများတွင် စောင့်ကြည့်ခံထားရသော သူများဖြစ်သည်။
- ကျန်းမာရေးအဆောက်အဦးနှင့် လူထုစောင့်ကြပ်စစ်ဆေးခြင်းနည်းစနစ်များ အသားကျရေ၊ လုပ်ငန်းလည်ပတ်နေ။
- စခန်းဝင်ထွက်ပေါက်ရှိလုံခြုံရေးပန်ထမ်းများအားပြန်လည်သင်တန်းပေးရန်နှင့် ကူးစက်မှုကြိုတင်ကာကွယ်ထိန်းချုပ်ရန်အတွက် လုပ်ထုံးလုပ်နည်းကို ပြန်မွမ်းမံနေ။
- ထိုင်းပန်ထမ်းများအား စခန်းတွင်းတရားဝင် ဝင်ထွက်ပေါက်အားထိရောက်သောပုံမှန်စမ်းသပ်မှုပြုလုပ်ရန်နှင့် ခိုးဝင်/ခိုးထွက်ပေါက်များ စီမံခန့်ခွဲရန်ဆက်လက်ထောက်ပံ့။

စားနပ်ရိက္ခာ - *TBC*

အဓိကအကြောင်းအရာ - **ရေရှည်တွင် ထောက်ပံ့မှုများအပေါ် မှီခိုမှုနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာလိုအပ်ချက်များ များလာခြင်း - ကိုဗစ်-၁၉နှင့်ပတ်သက်၍ ကန့်သတ်ချက်များလာမှုကြောင့် ဒုက္ခသည်များ၏ ဝင်ငွေရရှိနိုင်စွမ်းကို ထိခိုက်လာသည့်အခြေအနေအပေါ် စားနပ်ရိက္ခာဆိုင်ရာလုံလောက်မှု။**

- စားသောက်ကုန်ရောင်းချသူများ၊ ကုန်ပစ္စည်းပေးသွားသူများနှင့် သိုလှောင်ရုံများမှ ကိုဗစ်-၁၉ဆိုင်ရာ ရောဂါကူးစက်မှုလျော့ချရေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
- စားသောက်ကုန်ရောင်းချသူများသည် ဆပ်ပြာ၊ အရက်ပြန်နှင့် ပိုးသတ်ဆေးရည်များကို စျေးဆိုင်များတွင် သန့်ရှင်းရန်အတွက် ထားရှိပေးခြင်း။
- စျေးဆိုင်များနှင့် သိုလှောင်ရုံများတွင် လက်ဆေးသည့်နေရာများ တပ်ဆင်ထားခြင်း။ စားနပ်ရိက္ခာဝန်ဆောင်မှုဆိုင်များတွင် အဝတ်နာခေါင်းစည်းများ မတပ်မနေရ တပ်ဆင်ရခြင်း။
- သီးသန့်/သီးခြားထားသည့်အခြေအနေများအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းစံနှုန်းကို အဟာရအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စခန်းကော်မတီများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဆင့်မြှင့်တင်ထိုင်ခဲ့ခြင်း။ သီးခြား/သီးသန့်ထားသည့် နေရာများရှိ ကျန်းမာရေးအဖွဲ့တို့ ကူညီသမျှပြုရန်အတွက် မီးဖိုချောင်တွင်းလုပ်ငန်းစဉ်များအား သင်တန်းပို့ချပေးခဲ့ခြင်း။
- ဒုက္ခသည်များမှ အခြေခံစားနှုပ်ရိက္ခာပစ္စည်းများနှင့် ချက်ပြုတ်လောင်စာများ ဆက်လက်ရရှိရေး သေချာမှုရှိစေရန်အတွက် နည်းဗျူဟာ အဆင့်မြှင့်တင်ခြင်း၊ အမိထောင်စုများအတွက် စားနပ်ရိက္ခာကူညီထောက်ပံ့မှုအဆင့်များ တိုးလာခြင်း၊ စခန်းပြင်ပများတွင် ဝင်ငွေရှာဖွေရရှိကြိုးပမ်းနေသည့် ဒုက္ခသည်များအတွက် လိုအပ်ချက်များကို ဖြေရှင်းပေးရန်။
- IPC အပါအဝင် စားနပ်ရိက္ခာဖူလုံမှုနှင့်အစားအစာဘေးရောင်းချသူများအား စောင့်ကြည့်စစ်ဆေးမှုကို တိုးမြှင့်ခဲ့ခြင်း။ စာနပ်ရိက္ခာဝေဒေမှအပြီးစောင့်ကြည့်လေ့လာခြင်း လုပ်ရှားမှုမှာ ညြကုတ်လတ်ပင် ပြီးစီးခဲ့ပြီး စီစစ်ဆဲဖြစ်သည်။ အစားအစာလိုလောက်မှုမရှိသောအိမ်ထောင်စု အစားအစာစားသုံးမှုအပေါ် စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ စစ်တမ်းကောက်ယူခြင်းအား နိုဝင်ဘာလအတွက်စီစဉ်ထားပြီ။
- ရပ်ရွာမှထုတ်လုပ်သောဒီဇီယိုဟာသ-အချစ်ကားများ၊ ဒေသခံဘာသာစကားဖြင့်သီချင်းများနှင့် အနုပညာလက်ရာများ/ ပိုစတာများမှတဆင့် ပေးပို့သောအဓိကသတင်းစကားများ။

ကာကွယ်စောင့်ရှောက်ခြင်းနှင့်ကိုယ်စားပြုအရေးဆိုခြင်း - *UNHCR (CCSDPT agencies, KWO, KnWO, KRC, KnRC)**

အဓိကအကြောင်းအရာ - *ဒုက္ခသည်များကို နိုင်ငံတော်အဆင့်စောင့်ကြည့်ခြင်း၊ တုန့်ပြန်ခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့်အဓိကကာကွယ် ခြင်းလုပ်ဆောင်မှုများတွင် ထည့်သွင်းခြင်းပါဝင်ရေး*

- ကိုဗစ်-၁၉ ဆိုင်ရာနိုင်ငံတော်အဆင့် စောင့်ကြည့်ခြင်း၊ တုံ့ပြန်ခြင်းနှင့် အစီအစဉ်ချမှတ်ခြင်းလုပ်ဆောင်မှုများတွင် ဒုက္ခသည်များကို ထည့်သွင်း ပါဝင်စေရေး အတွက် ဆက်လက်ကိုယ်စားပြုအရေးဆိုခြင်း
- လိင်နှင့်ကျားမအခြေပြုအကြမ်းဖက်မှုနှင့်လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်အကြမ်းဖက်မှုအန္တရာယ်လျော့ပါးစေရေးအပါအဝင် အခြားသောဦးစီးဆောင်ရွက်သူများ၏လုပ်ဆောင်မှု၌ ကာကွယ် စောင့်ရှောက်မှုဆိုင်ရာနည်းလမ်းများကို ပံ့ပိုးကူညီပေးခြင်း
- ကာကွယ်စောင့်ရှောက်မှုအထူးလိုအပ်သူများ၏အချက်အလက်များကို ပြန်လည်ကောက်ယူသုံးသပ်ခြင်းမှတဆင့် ၎င်းတို့အတွက် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများဆက်လက်ပေးခြင်းကို သေချာစေခြင်း
- လိင်နှင့်ကျားမအခြေပြုအကြမ်းဖက်မှုကို ရင်ဆိုင်ခံစားနေရသောသူများနှင့် အခြားသောအရေးကြီးသည့်ဦးရိမ်ဖွယ်ရာကာကွယ် စောင့်ရှောက်မှုလိုအပ်သည့်အမှုများ အတွက် သတင်းပို့တိုင်ကြားနိုင်သည့်လမ်းကြောင်းများအပါအဝင် ပုံမှန်ထိရောက်မှုရှိသည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာစောင့်ကြည့်လေ့လာခြင်းအား ဆက်လက် ဆောင်ရွက်မှုကို သေချာစေခြင်း၊ စခန်းများအားလုံးအတွက် SGBV လွဲမြောင်းခြင်းဆိုင်ရာလမ်းကြောင်းများမွမ်းမံခြင်းကို အပြီးသတ်နိုင်ခဲ့ပြီး အထောက်အပံ့ ပစ္စည်းအချို့ကိုလည်း ပံ့ပိုးပေးခြင်း
- စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုခဲ့ခြင်း၊ ဘေးကင်းလုံခြုံမှုဆိုင်ရာ လမ်းညွှန်မှုများကို အပြီးသတ်နိုင်ခဲ့ခြင်းနှင့် ပတ်စာ ကြိုတင်ပြင်ဆင်မှုအစီအစဉ် ဆောင်ရွက်ပြီးစီးခြင်း။ စာရင်းပြုစုထားသောကျောင်းများအတွက် အပိုသန့်ရှင်းရေးဆိုင်ရာပစ္စည်းများ အလုံးစုံလိုအပ်မှု
- ကိုဗစ်-၁၉ အတည်ပြုလူနာသစ်များ ဒုတိယလိုင်းပေါ်ပေါက်လာပါက အဝေးမှသင်ယူနိုင်သည့်ပုံစံများကို အပြည့်အဝသို့မဟုတ် တစ်စိတ်တစိတ်ပိုင်း ပြန်လည်ရောက်ရှိနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ရန် အစီအစဉ်များ စတင်ဆောင်ရွက်နေခြင်း
- စခန်း (၉) ခုလုံး၌ ခရိုင်အဆင့်အကာအကွယ်ပေးမှုဆိုင်ရာဘေးအန္တရာယ်ဆန်းစစ်ခြင်းအား အဆင့်မြှင့်တင်ခြင်း။ နယ်စပ်အနှံ့ကာကွယ်ပေးမှုဆိုင်ရာ ဘေးအန္တ ရာယ်ပေါင်းစည်းစီစစ်ခြင်း တိုးတက်လုပ်ဆောင်မှု စတင်ခြင်း
- ကိုယ်တိုင်ရပ်တည်နိုင်စွမ်းနည်းပါးသော ဒုက္ခသည်များအပေါ် သက်ရောက်သည့် ကိုဗစ်-၁၉ ဆိုးကျိုးများကို ကိုပိုမိုနှားလည်ရန်အလိုငှာ ကဏ္ဍပေါင်းစုံ လိုအပ်ချက်များ အကဲဖြတ်ခြင်း အစီအစဉ် စတင်ခြင်း နှင့် ကိုင်တွယ်ဖြေရှင်းသည့် ယန္တရားများ၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာအန္တရာယ်အသစ်များနှင့် ဝန်ဆောင်မှုပေးရာတွင် ကွာဟချက်များအား စိစစ်ဖော်ထုတ်ခြင်း